# ကိုဗစ် – ၁၉ ရောဂါကူးစက်ပြန့်ပွားမှု ကြိုတင်ကာကွယ် ထိန်းချုပ်နိုင်ရန် ခေတ္တပိတ်ထားရသော စာကြည့်တိုက်များအတွက် စာကြည့်တိုက်မှူးများသည် အောက်ပါပြင်ဆင်ဆောင်ရွက်မှုများကို စတင်လုပ်ကိုင်နိုင်ကြောင်းအကြံပြုချက်

## ကိုဗစ် – ၁၉ နှင့် စာကြည့်တိုက်များ၏ဝန်ဆောင်မှု

၁။ စာကြည့်တိုက်များပြန်လည်ဖွင့်လှစ်သည့်အခါလိုအပ်သောစည်းမျဉ်းစည်းကမ်းများနှင့် COVID–19 ကာကွယ်တားဆီးရေးလုပ်ငန်းများအတွက် စီမံထားရှိခြင်း။

၂။ စာကြည့်တိုက်တွင် စာအုပ်များပြန်လည်အပ်နှံနိုင်ရန် book drop box များပြင်ဆင်ထားရန်နှင့် ကြိုတင်ငှားရမ်းလိုသောစာအုပ်များကိုစာကြည့်တိုက်၏ Facebookနှင့် Website စာမျက်နှာများတွင် ကြည့်ရှုနိုင်ရန် စီစဉ်ထားခြင်း၊

၃။ ကြိုတင်ငှားရမ်းခြင်းနှင့် လာရောက်ငှားရမ်းနိုင်ခြင်းတို့ကို စီစဉ်ထားခြင်း။

၄။ ပြန်အပ်စာအုပ်များကို သီးသန့်ခွဲခြားထားရန် (Quarantine) မူဝါဒမ်ားပြင်ဆင်ထား၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါသည်။

အမေရိကန်စာကြည့်တိုက်အသင်း၏မတ်လ ၁၇ ရက်နေ့အကြံပြုချက်တွင် အောက်ပါအတိုင်းဖော်ပြထားပါသည်။

" ပြန်အပ်စာအုပ်များကို တခြားစာအုပ်များနှင့် မရောနှောစေဘဲပိုးများသေအောင် အနည်းဆုံး ၂၄ နာရီ နှင့်တတ်နိုင်လျှင်အကောင်းဆုံးနည်းမှာ ပိုးများသေအောင် **Book Quarantine ၁၄ ရက်**ထားရှိပါ။ " ဤသို့ပြုလုပ်ခြင်းမှာစာကြည့်တိုက်ဝန်ထမ်းများနှင့် စာဖတ်သူ၊ စာငှားသူများအတွက် ရောဂါကူးစက်ခြင်းအန္တရာယ်အကင်းဆုံးနည်းလမ်းဖြစ်ပါသည်။

NEDCC (Northeast Document Conservation Center) ၏ အကြံပေးချက်အရပြန်အပ်စာအုပ်များကို quarantine နေရာသို့ရွှေ့သောအခါဝန်ထမ်းများသည် လက်အိတ်များကို ဝတ်ဆင်ထားရန်နှင့် နှာခေါင်းစည်းများကိုစနစ်တကျတပ်ဆင်ထားရန်ညွှန်ကြားပါသည်။ လက်အိတ်များနှင့် နှာခေါင်းစည်းများကို စနစ်တကျ ဖယ်ရှားပြီးနောက် ဝန်ထမ်းများသည် လမ်းညွှန်ချက်များအတိုင်းလက်ကို စက္ကန့် ၂၀ ဆေးကြောသင့်သည်။ အကယ်၍ သီးသန့်ထားရှိထားသည့် quarantine နေရာသို့မပို့ဆောင်ခင် ဝန်ထမ်းများသည် ယင်းပြန်အပ်စာအုပ်များကိုမတော်တဆကိုင်တွယ်ခြင်းမပြုလုပ်သင့်ပါ။

ပိုးသတ်ဆေးအရည်များအသုံးပြုခြင်းသည်စာကြည့်တိုက်ပစ္စည်းများအတွက်အန္တရာယ်ဖြစ်စေသောကြောင့် မထောက်ခံပါ။

၅။ eLending, eLearning, remote teaching, online trainingတို့အတွက် စီမံကိန်းချထား၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါသည်။

၆။ ဝန်ထမ်းအားလုံး online ဝန်ဆောင်မှုများပေးနိုင်ရန်၊ ကျွမ်းကျင်စေရန် စမ်းသပ်လေ့ကျင့်မှုများပြုလုပ်သင့်ပါသည်။

၇။ စာကြည့်တိုက်နေရာများကိုကိုရောဂါကာကွယ်ထိမ်းချုပ်နိုင်ရန်အတွက် သတ်မှတ်ထားသည့် Social Distancing အလိုက်တစ်ဦးနှင့်တစ်ဦးခပ်ကွာကွာနေနိုင်ရန်အခင်းအကျင်း ပြင်ဆင်ပြောင်းလဲရမည်။

နေရာအခက်အခဲရှိသောအချို့စာကြည့်တိုက်များတွင် စာဖတ်သူများအတွက်သတ်မှတ်ထားသည့် နေရာမပေးနိုင်ပါက စာကြည့်တိုက်ထဲသို့ဝင်ရောက်ဖတ်ရှုခြင်း၊ ရွေးချယ်ခြင်းများမပြုလုပ်ရန် ကန့်သတ်ချက်များထားရှိသင့်သည်။

Library of Congress စာကြည့်တိုက်သည် အများပြည်သူအသုံးပြုခြင်းကို မတ်၁၂ ရက်နေ့မှစတင်၍ ပိတ်ခဲ့ပြီးလူစုလူဝေးနှင့်ပြုလုပ်ရမည့်အစီအစဉ်များအားလုံးကိုမေလ ၁၁ရက်နေ့အထိဖျက်သိမ်းထားပါသည်။

၈။ ဆွေးနွေးခန်းများ(Discussion Room) ကိုစာဖတ်ရန်နေရာများအဖြစ်သို့ ပြန်လည်ပြောင်းလဲရလိမ့်မည်။

၉။ စားပွဲခုံနှင့်ထိုင်ခုံများအရေအတွက်ကိုအနည်းငယ်လျှော့ချပြီး အချိန်အကန့်အသတ်ဖြင့် အသုံးပြုစေခြင်းနှင့် စာကြည့်တိုက်အသုံးပြုကြသောလူအရေအတွက်ကိုထိန်းချုပ်နိုင်လိမ့်မည်။

၁၀။ အသံနားထောင်သည့် နားကြပ်ကိရိယာများတွင် ရောဂါပိုးများကပ်ငြိခိုအောင်း နေနိုင်သည့်အတွက် အသုံးပြုခြင်းကိုရပ်ဆိုင်းထားရပါမည်။

၁၁။ စာကြည့်တိုက်မန်နေဂျာများကအွန်လိုင်းအစည်းအဝေးများကို အသုံးပြုကာစာကြည့်တိုက်မှူးများ၊ ဝန်ထမ်းများနှင့်အလုပ်လုပ်နိုင်ပါသည်။

## ကိုဗစ်ကာလနှင့် ကိုဗစ်အလွန်စာကြည့်တိုက်ဝန်ဆောင်မှုများ

<u>ဝန်ဆောင်မှုများရပ်မသွားဘဲ ဆက်လက်ဆောင်ရွက်နိုင်ရန် စာကြည့်တိုက်မှူးနှင့် ဝန်ထမ်းများ အွန်လိုင်းဖြင့်လုပ်နိုင်သော ဝန်ဆောင်မှုလုပ်ငန်းများ</u>

- အထူးသဖြင့် COVID – 19 နှင့်ပတ်သက်သောသတင်းအချက်အလက်များ၊ (အစိုးရထုတ်သတင်းစာများမှသတင်းဆောင်းပါးများ၊နိုင်ငံတော်အတိုင်ပင်ခံနှင့်ပြည်သူများအပြန်အလှန်ဆွေးနွေးခြင်းများ အပါအဝင်)
- ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန(MOHS) ပြည်သူ့ကျန်းမာရေးနှင့် ပတ်သက်သောသတင်းအချက်အလက်များကိုအညွှန်းများပြုလုပ်ခြင်း၊ ဆောင်းပါးများအမျိုးအစားများခွဲ၍ စာစုစာရင်းပြုလုပ်ခြင်း။
- ဆေးခန်း၊ ဆေးပစ္စည်းများ၊ အွန်လိုင်း ဝယ်ယူနိုင်သောဆက်သွယ်ရန် လိပ်စာ၊ ဖုံးနံပါတ်များစာရင်း
- Library Website များမှတဆင့် COVID–19 LibGuidesအညွှန်းစာရင်းပြုလုပ်ခြင်း။

- ကမ္ဘာ့ကျန်းမာရေးအဖွဲ့ Websites, ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန Website နှင့် FB စာမျက်နှာများမှ အရင်းအမြစ်၊ သတင်းအချက်အလက်များကိုမိမိတို့စာကြည့်တိုက်၏ FB စာမျက်နှာများမှ သော်လည်းကောင်း၊ အရေးတကြီးဆက်သွယ်ရမည့် ဖုံးနံပါတ်များကိုသော်လည်းကောင်း အချိန်နှင့်တပြေးညီ တင်သင့်ပါသည်။
- စာဖတ်သူများနှင့် အဆက်မပြတ်စေရန် FB မှတဆင့်(သို့) စာကြည့်တိုက် website မှတဆင့် စာကြည့်တိုက်မှစာအုပ်များရွေးချယ်၍ စာဖတ်သူအကြိုက်(သို့) စာကြည့်တိုက်မှူးအကြိုက် စာအုပ်များ ရွေးချယ်ပေးခြင်း။
- အွန်လိုင်းစာအုပ်အသင်း (Book club) များပြုလုပ်နိုင်ပါသည်။ ရသစာအုပ်(သို့) သုတစာအုပ်(သို့) ဆောင်းပါးတစ်ပုဒ်ကိုဖတ်ရှုပြီးအွန်လိုင်း တွင် ဆွေးနွေးမည့်ရက်သတ်မှတ်ကာစာဖတ်သူများနှင့် စာကြည့်တိုက်မှူးများဆွေးနွေးနိုင်ပါသည်။
- စာကြည့်တိုက်ကနည်းပညာကိုအသုံးပြု၍ ဘာသာစကား၊ နည်းပညာ၊ ဒစ်ဂျစ်တယ်ဆိုင်ရာ တတ်မြောက်မှု စသော အွန်လိုင်းသင်တန်းများပို့ချပေးခြင်း။
- စာကြည့်တိုက် FB စာမျက်နှာမှတဆင့် ဒေသအစားအစာချက်ပြုတ်နည်းများ၊ သိုးမွှေးထိုးနည်းများနှင့် အခြားအိမ်တွင်းမှုသင်တန်းများနေ့စဉ်တင်ပေးခြင်း။
- အွန်လိုင်းပုံပြော ခ်ိန္(သို့) နှစ်သက်ရာကဗျာအစီအစဉ် အချိန်သတ်မှတ်ပေးခြင်း။
- အွန်လိုင်းပုံပြင်အချိန် တချိန်သတ်မှတ်ပေး၍ YouTube မှတဆင့် တိုင်းရင်းသားဘာသာစကားများနှင့်လည်းထုတ်လွှင့်နိုင်ပါသည်။
- COVID – 19 နှင့်ပတ်သက်သောသတင်းအချက်အလက်များ၊ ပညာပေးစာပေများ၊ ကျန်းမာရေး လက်ကမ်းစာစောင်များ၊ ဆောင်းပါးများ၊ စာအုပ်များကို မိမိဒေသသုံးတိုင်းရင်းသားဘာသာစကား ပြန်ဆိုပေးခြင်းဖြင့်ကျယ်ကျယ်ပြန့်ပြန့် ပညာပေးမှုသည် ပိုမိုထိရောက်ပါသည်။
- ယခုအချိန်တွင်နိုင်ငံတကာထုတ်ဝေသူများသည် အထူးအခွင့်အရေးအနေဖြင့် စာဖတ်သူများအတွက် ဒီဂျစ်တယ် စာပေပစ္စည်းများကိုရယူဖတ်ရှုနိုင်ရန် ၎င်းတို့၏ website မှာတင်ပေးထားကြပါသည်။ ဈေးကြီးသောပြဋ္ဌာန်းစာအုပ်များကိုလည်းယခုအခါ Cambridge University Press မှ အထူး

အခွင့်အရေးအနေဖြင့်ရယူဖတ်ရှုနိုင်ရန် စီစဉ်ထားပေးပါသည်။Open Access စာအုပ်၊ မဂ္ဂဇင်းများကိုလည်း ဖတ်ရှုနိုင်ပါသည်။

- နယ်သာလန်နှင့် ပေါ်တူကီပြည်သူ့စာကြည့်တိုက်များတွင် အငှားယာဉ်ကုမ္ပဏီများနှင့် ပူးပေါင်း၍ စာအုပ်များကိုအိမ်အရောက်ငှားပေးသည့်စနစ်ကျင့်သုံးနေပါသည်။

  အစားသောက်များအိမ်အရောက်ပို့ဆောင်သကဲ့သိုစိုးရိမ်စိတ်များရှိကြပါသည်။ ထို့ကြောင့် Book Drop သေတ္တာများထားရှိအသုံးပြုကြပါသည်။ ဤသို့ဆောင်ရွက်ရာတွင် ပို့သူ၊ လက်ခံသူနှစ်ဦးစလုံး ရောဂါပိုးကူးစက်ရန်အခွင့်အရေးရနိုင်သည့်အတွက်မိမိတိုင်းပြည်၏ကပ်ရောဂါအခြေအနေတည်ငြိမ် ကောင်းမွန်မှသာဆောင်ရွက်ရန်တိုက်တွန်းပါသည်။

## ကိုဗစ် – ၁၉ အလွန် စာကြည့်တိုက်များကိုဖွင့်ရာတွင်

- စာကြည့်တိုက်အဆောက်အအုံမျက်နှာစာတွင် COVID – 19 အသိပညာပေးစာစောင်များကပ်ထားပေးခြင်း၊ လမ်းဆုံလမ်းခွတွင် ပိုစတာများကပ်ထားခြင်း၊ ဖြန့်ဝေခြင်းများပြုလုပ်၍ Poster Campaign ကို ဦးဆောင်နိုင်ပါသည်။
- ဝန်ထမ်းနှင့် စာဖတ်သူများအား COVID–19 ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်းသည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များ၊ ထုတ်ပြန်ထားသောစည်းကမ်းများ၊ အမိန့်ကြော်ငြာစာများကို လိုက်နာစေခြင်း။
- စာဖတ်ပရိတ်သတ်များအနေဖြင့်နှာခေါင်းစည်း(Mask) တပ်ဆင်လာကြခြင်း
- စာကြည့်တိုက်ပြင်ပတွင် လက်ဆေးကန်နှင့် လက်ဆေးဆပ်ပြာ၊လက်သန့်ဆေးရည်ဘူးများထားပေးခြင်း၊ လက်ဆေးပြီးမှစာကြည့်တိုက်အတွင်းဝင်ရောက်စေခြင်း
- စာဖတ်သူများအတွက် နှာခေါင်းစည်း (Mask) နှင့် လက်အိတ်များ ပြင်ဆင်ထားခြင်း တစ်ဦးနဲ့တစ်ဦး သတ်မှတ်ထားသောစည်းဝိုင်းအတွင်းမှစာဖတ်ပရိတ်သတ်များငှားရမ်းစေခြင်း
- စာကြည့်တိုက်တံခါး၏လက်ကိုင်များ၊ စာဖတ်စားပွဲများ၊ ကုလားထိုင်များ၊ ကွန်ပျူတာခလုတ်များ၊ Mouseများ၊ CD, DVD များကို အချိန်ပြည့် အထူးသန့်စင်ဖို့လိုအပ်ပါသည်။
- စာကြည့်တိုက်မဖွင့်မီနှင့် ဖွင့်နေစဉ်အတွင်းသန့်ရှင်းရေးကိုပုံမှန်လုပ်သွားရပါမည်။

- ဝန်ထမ်းများစုပေါင်း၍ နီးကပ်စွာနေထိုင်ခြင်း၊ အစားအစာစားသောက်ခြင်း၊ စကားပြောဆိုခြင်းများကို ကန့်သတ်၍ သက်မှတ်ထားသောစည်းကမ်းချက်များအတိုင်း ခပ်ကွာကွာနေထိုင်သင့်ပါသည်။
- လူစုလူဝေး နှင့် ပြုလုပ်ရသည့် အစီအစဉ်၊လှုပ်ရှားမှုများကို ခေတ္တရပ်ဆိုင်းထားခြင်း

## ကူးစက်ရောဂါများအတွက် စာပေပစ္စည်းများကိုထိန်းသိမ်းစောင့်ရှောက်မှု

စာပေပစ္စည်းများကိုထိန်းသိမ်းစောင့်ရှောက်သည့် ပညာရှင်များအဆိုအရယခုကဲ့သို့ ကူးစက်ရောဂါများအတွက် စာပေပစ္စည်းများကိုမည်ကဲ့သို့ ထိန်းသိမ်းကာကွယ်ရမည်ဆိုသည့် အချက်အလက် အနည်းငယ်သာရှိသည်ဟု ဆိုပါသည်။

- ထုတ်ပြန်သောသတင်းအချက်အလက်များအရ SARS– WV– 2 နှင့်ပုံစံတူ ကိုဗစ်သည်
    - ကြေးနီ၊ ကော့ပါးများပေါ်တွင် ၄နာရီ
    - ကတ်ထူပြားများပေါ်တွင် ၂၄နာရီ
    - စက္ကူပေါ်တွင် ၄ ရက် မှ ၅ ရက်
    - ပလတ်စတစ်နှင့် စတီးပစ္စည်းများပေါ်တွင် ၂ရက်မှ ၃ရက်အထိ
    - Metalနှင့် ဖန်သားပြင်ပေါ်တွင် ၉ ရက် ရှင်သန်နိုင်ပါသည်။

**(Sources: Journal of Hospital Infection and National Institute of Health )**

## စာကြည့်တိုက်အရေးဆောင်ရွက်သူများကွန်ရက်

ယခုကဲ့သို့ကပ်ရောဂါကာလ၊ သဘာဝဘေးအန္တရာယ်၊ အရေးအခင်းကာလများတွင် အရေးပေါ်တုံ့ပြန်ရေးဆောင်ရွက်ရမည့်ကိစ္စများပေါ်ပေါက်လာပါက ထိရောက်၍အကျိုးရှိသောစာကြည့်တိုက်အရေးဆောင်ရွက်သူများကွန်ရက်ကိုမြို့နယ်အလိုက်တည်ထောင်၍ ထိုကွန်ရက်များစုပေါင်း၍ စာကြည့်တိုက်များပြန်လည်ဖွင့်လှစ်ရေး၊ ရေရှည်တည်တံ့ရေးအားဆောင်ရွက်နိုင်ကြမည်ဖြစ်ပါသည်။COVID – 19 ကြောင့် စာကြည့်တိုက်များပိတ်ထားချိန်တွင် စာကြည့်တိုက်အရေးဆောင်ရွက်သူများသည် မြန်မာနိုင်ငံစာကြည့်တိုက်များ၏ အသံဖြစ်လာပါသည်။

ထို့ကြောင့် “စာကြည့်တိုက်အရေးဆောင်ရွက်ခြင်း” ဟူသောကိစ္စကိုမြို့နယ်၊ တိုင်းဒေသကြီးအဆင့်အလိုက် လူသိများလာအောင်ဆောင်ရွက်၍ စာကြည့်တိုက်ဆိုင်ရာဝန်ဆောင်မှုများနှင့်အတူရောဂါကပ်ဘေးဆိုင်ရာ သတင်းအချက်အလက်များဖြင့် ဝန်ဆောင်မှုပေးခြင်းကိုလုပ်ဆောင်လာကြပါသည်။စာကြည့်တိုက်မှူးများနှင့် စာကြည့်တိုက်အရေးဆောင်ရွက်သူများသည် မိမိတို့၏လူမှုအသိုင်းအဝန်းအတွင်းယုံကြည်ရသည့် သတင်း

အချက်အလက်များ မျှဝေခြင်း၊ သတင်းအမှားသတင်းအတုများကိုခွဲခြမ်းစိတ်ဖြာတတ်စေရန် ပညာပေးခြင်း စသည့်လုပ်ငန်းများကိုလုပ်ကိုင်ကြ၍ အဓိကကျသောအခန်းကဏ္ဍမှပါဝင်လှုပ်ရှားနေကြသလိုကာကွယ်ရေး၊ ကုသရေး၊အရေးပေါ်ကာလဆိုသည့်အပိုင်း ၃ ပိုင်းတွင် ကာကွယ်ရေးအတွက် အထောက်အပံ့ပေး ဆောင်ရွက်နေကြပါသည်။

မြန်မာနိုင်ငံစာကြည့်တိုက်အသင်းသည် စာကြည့်တိုက်ပညာရှင်များ၊ စာကြည့်တိုက်အရေးဆောင်ရွက်သူများအားလုံးနှင့် ပူးပေါင်း၍ တီထွင်ဆန်းသစ်သော နည်းလမ်းများဖြင့် စာကြည့်တိုက်များ၏ဝန်ဆောင်မှုလုပ်ငန်းကို အပြည့်အဝပေးနိုင်ရန် မူဝါဒသစ်၊ အမြင်သစ်၊ အစီအမံသစ်များဖြင့် ဆောင်ရွက်နိုင်ရန် ပူးပေါင်းကြိုးပမ်းဆောင်ရွက်နေပါသည်။

**ကိုးကားစာရင်း**

1. American Library Association (ALA) (2020). *Pandemic Preparedness: Resources for libraries.* http://www.ala.org/tools/atoz/pandemic-preparedness

2. Ewen, Lara (2020). *How to Sanitize Collections in a Pandemic Conservators weigh in on the mysteries of materials handling during COVID-19.* American Library Association Magazine. March 27, 2020.

   https://americanlibrariesmagazine.org/blogs/the-scoop/how-to-sanitize-collections-covid-19/

3. The International Federation of Library Associations and Institutions (IFLA)(2020) *COVID-19 and the Global Library Field .* https://www.ifla.org/covid-19-and-libraries

4. **Journal of Hospital Infection and National Institute of Health**

5. Northeast Document Conservation Center (NEDCC) (2020). *Disinfecting Books and Other Collections.* https://www.nedcc.org/free-resources/preservation-leaflets/3.-emergency-management/3.5-disinfecting-books